# ဘာလီကျွန်းအကြမ်းဖက်တိုက်ခိုက်မှု သရုပ်ဖော်ဇာတ်ကား ပြသခြင်းမပြုရန် အင်ဒိုနီးရှားနိုင်ငံတွင် ပိတ်ပင်

**ဂျကာတာ မတ် ၄**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ၂၀၀၂ခုနှစ်က ညကပွဲရုံဗုံးခွဲမှုကို သရုပ်ဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားတစ်ကားကို ရုပ်ရှင်ဆင်ဆာအဖွဲ့က ပြသခွင့်ပိတ်ပင်လိုက်ကြောင်း မတ် ၄ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

**ရိုက်ကူး**

ပြသခွင့်ပိတ်ပင်ခံရသော ရုပ်ရှင်ဇာတ်ကားမှာ“Long Road to Heaven” အမည်ရှိ ဇာတ်ကားဖြစ်သည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ရှိ တိုက်ခိုက်ရေးသမားများက အင်ဒိုနီးရှားအပန်းဖြေကျွန်းဖြစ်သော ဘာလီကျွန်းရှိ ညကပွဲရုံတွင် ၂၀၀၂ခုနှစ် အောက်တိုဘာ ၁၂ရက်က အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ ၂၀၂ ဦး သေဆုံးခဲ့ရသည်။ သေဆုံးခဲ့ရသူအများစုမှာ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ဖြစ်ကြသည်။ အဆိုပါ ရုပ်ရှင်ဇာတ်ကားကို အင်ဒိုနီးရှားနိုင်ငံရှိ အကျော်ကြားဆုံးရုပ်ရှင် ဒါရိုက်တာတစ်ဦးက ရိုက်ကူးခဲ့သည်။

***အင်တာနက်။***



**အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီ ပြည်နယ်အလယ်ပိုင်း မာကာဆာ အရပ်တွင် လုံခြုံရေး စောင့်ကြပ်နေသော တပ်ဖွဲ့ဝင်များကို မတ် ၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဗြိတိသျှလက်နက်အစီအစဉ် ဖျက်သိမ်းပေးသော်လည်း အကူအညီမရဟု ကဒါဖီပြောကြား

**လန်ဒန် မတ် ၄**

မိမိတို့နိုင်ငံ၏ ဗြိတိသျှလက်နက်အစီအစဉ်ကို ဖျက်သိမ်းပေးခြင်းအတွက် အနောက်အုပ်စုနိုင်ငံများက မိမိတို့ကို အကူအညီပေးရန် ပျက်ကွက်ခဲ့ကြောင်း လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီက သောကြာနေ့တွင် ဝေဖန်လိုက်သည်။

လစ်ဗျားနိုင်ငံက ဗြိတိသျှလက်နက်အစီအစဉ်ကို ဖျက်သိမ်းပေးခြင်းအတွက် အပြန်အလှန်အားဖြင့် ဗြိတိသျှ ဓာတ်အားစက်ရုံ တည်ဆောက်ပေးရန် အနောက်အုပ်စုက ကတိပေးခဲ့သော်လည်း ၎င်းတို့ထံမှ မည်သည့်အကူအညီကိုမျှ မရခဲ့ကြောင်း လစ်ဗျားနိုင်ငံ ထူထောင်မှု နှစ် ၃၀ ပြည့် အခါသမယတွင် ကဒါဖီကဘီဘီစီ ရုပ်မြင်သံကြား၏ လူတွေ့မေးမြန်းခန်း၌ ပြောကြားသည်။

**ကတိပျက်**

ဗြိတိသျှလက်နက်အစီအစဉ်ကို ဖျက်သိမ်းပေးခြင်းဖြင့် မိမိတို့ စံနမူနာပြသနိုင်ခဲ့ကြောင်း၊ သို့ရာတွင် အနောက်အုပ်စုက ကတိပျက်ခဲ့ကြောင်း၊ အနောက်အုပ်စုထံမှ မည်သည့် ဆုလာဘ်ကိုမျှ မရရှိခဲ့ကြောင်း ကဒါဖီက ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# ကွာလာလမ်ပူမြို့တွင် သစ်တော သစ်ပင်များ ထိန်းသိမ်းမည်

**ကွာလာလမ်ပူ မတ် ၄**

မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူ၌ သစ်တောသစ်ပင်ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုများနှင့် လူမှုရေးအဖွဲ့အစည်းများက ကြိုးပမ်းကြမည်ဖြစ်ကြောင်း မတ် ၄ ရက် အင်တာနက် သတင်းတွင်ဖော်ပြထားသည်။

**<u>ပူးပေါင်းဆောင်ရွက်မည်</u>**

ကွာလာလမ်ပူမြို့လယ်ရှိ ပီတယ်လင်ဂျာယားရပ်ကွက်တွင် မပျက်မယွင်းဘဲ တည်ရှိနေဆဲဖြစ်သော တောအုပ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးသမားများက ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

***အင်တာနက်။***

# ရေငုပ်သင်္ဘောသုံး အဝေးကြည့်မှန်ပြောင်းများ ပြင်ဆင်ရန်လိုအပ်

**ကင်ဘာရာ မတ် ၄**

ဩစတြေးလျနိုင်ငံရေတပ်၏ ရေငုပ်သင်္ဘောများ၌ တပ်ဆင်ထားသော အဝေးကြည့်မှန်ပြောင်းများမှာသက်တမ်းလွန်ကာ ယိုယွင်းလာပြီဖြစ်ကြောင်း၊ ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်ကြောင်း မတ် ၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဩစတြေးလျ ရေငုပ်သင်္ဘောများ၌ တပ်ဆင်ထားသော အဝေးကြည့် မှန်ပြောင်းများ၏သက်တမ်းမှာ ယခုအခါ ၁၀နှစ် ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ စစ်ရေးစစ်ရာလုပ်ငန်းများ၌ ထိရောက်မှုရှိစေရန် အဝေးကြည့်မှန်ပြောင်းများကို မွမ်းမံပြင်ဆင်ခြင်း ပြုလုပ်ရမည်ဖြစ်ကြောင်း ကာကွယ်ရေးဌာနပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

အဆိုပါအဝေးကြည့်မှန်ပြောင်းများကို BAE Systems ကုမ္ပဏီက ထုတ်လုပ်သည်။

***အင်တာနက်။***

# ဆန်ဖရန်စစ္စကိုတွင် မြေပြို ဒေသခံများကို ရွှေ့ပြောင်းပေးရ

**ဆန်ဖရန်စစ္စကို မတ် ၄**

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ အနောက်ပိုင်း ပင်လယ်ကမ်းခြေဒေသ၌ ဖေဖော်ဝါရီ ၂၇ ရက်က မြေပြိုမှု ဖြစ်ပွားရာ ဒေသခံလူပေါင်း ၁၅၀ ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း သတင်းများတွင် ဖော်ပြသည်။

နံနက် ဝေလီဝေလင်းအချိန်တွင် တောင်ကုန်းငယ်တစ်ခု ပြိုကျခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံများ အပေါ်သို့ ကျောက်တုံးကျောက်ခဲများ ပြိုကျခဲ့သည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိသည်ဆိုသော သတင်းများ မရရှိပေ။ သက်ဆိုင်ရာ အာဏာပိုင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြက်ခြေနီအဖွဲ့ကို ဆင့်ခေါ်ခဲ့သည်။

မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် အနီးဝန်းကျင်ရှိ လမ်းများကိုပိတ်ထားလိုက်ရပြီး မြေပြိုကျမှုကြောင့် တိုက်ခန်းတွဲနေအိမ်အဆောက်အအုံတစ်လုံး ပျက်စီးခဲ့ရသည်။

***အင်တာနက်။***



**တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒရောင်နူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မျက်နှာတွင် ပရဲထိုးထားသည့် ဒီရောင်တိုင်းရင်းသားတစ်ဦးကို မတ် ၃ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ တရုတ်လျှော့ချမည်

**ပေကျင်း မတ် ၄**

တရုတ်နိုင်ငံသည်ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းတွင် ယွမ်နှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၂၅၀) သုံးစွဲမည်ဖြစ်ကြောင်း ချိုင်းနားဒေလီသတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

တရုတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည် စက်ရုံများက ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုမည်မျှရှိသည်ကို လေ့လာသွားမည်ဖြစ်ပြီး စက်ရုံများက လိုက်နာသွားရမည့် စည်းမျဉ်းများကို ရေးဆွဲသွားမည် ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

## ကြေးမုံ နိုင်ငံခြား သတင်းများ



**အီတလီနိုင်ငံတောင်ပိုင်း စစ္စလီကမ်းလွန်ဒေသရှိ စရောင်ဘိုလီမီးတောင်လှုပ်ရှားမှုအား စောင့်ကြည့်နေသော ရဟတ်ယာဉ်တစ်စင်းကို မတ်၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဘတ်စ်ကား ခေါင်မိုးပေါ်သို့ ဗို့အားပြင်း လျှပ်စစ်ဓာတ်ကြိုး ပြုတ်ကျ

**ပတ္တနား(အိန္ဒိယ) မတ် ၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘီဟာပြည်နယ်၌ စနေနေ့က လူပြည့်ကျပ်နေသည့် ခရီးသည်တင် ဘတ်စ်ကားတစ်စီးပေါ်သို့ ဗို့အားပြင်း လျှပ်စစ်ဓာတ်ကြိုးတစ်ချောင်းပြုတ်ကျရာ လူနှစ်ဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ တီဗွီ ချန်နယ်တစ်ခုက ဖော်ပြသည်။

**- ပြုတ်ကျ -**

လူပြည့်ကျပ်နေသည့် ခရီးသည်တင်ဘတ်စ်ကားသည် ဘီဟာပြည်နယ် ဩရန်ဂါဘတ်ခရိုင် ရာဖီဂန်ဂျ်မြို့မှ ကက်စ်မာမြို့သို့ မောင်းနှင်နေစဉ် ကားခေါင်မိုးပေါ်သို့ ဗို့အား ၁၁၀၀၀ ရှိ လျှပ်စစ်ဓာတ်ကြိုးတစ်ချောင်း ရုတ်တရက် ပြုတ်ကျလာကြောင်း အီးတီဗွီရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

အဆိုပါ ဘတ်စ်ကား၏ ခေါင်မိုးပေါ်၌ ခရီးသည် အများအပြား ထိုင်နေကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဗို့အားပြင်း လျှပ်စစ်ဓာတ်လိုက်မှုကြောင့် ခရီးသည်နှစ်ဦးမှာ ပွဲချင်းပြီး သေဆုံးသွားပြီး ၂၅ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***




ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရရှိသော ကြည်စိုးထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရရှိသော ခင်မောင်ကြီးအားဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင် ဓာတ်ပုံဆုရရှိသော နိုင်နုရှိန်(ဖထီး)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဆက်စပ်အသုံးပြုရမည့် စက်ပစ္စည်းများကို တင်သွင်းနေပြီ

● **စာမျက်နှာ ၃ မှ**

မြန်မာ့ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များလည်း ပါဝင်ဆင်နွှဲနိုင်ခဲ့ကြပါကြောင်း၊ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ကျင်းပသည့် (၅)ကြိမ်မြောက် ဂွမ်ဂျူး နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် ကိုရီးယား–မြန်မာ ချစ်ကြည်ရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသည့် အနေနှင့် တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့၌ ကျင်းပခဲ့သည့် အာဆီယံရုပ်ရှင်ပွဲတော်တို့မှာလည်း မြန်မာရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသခဲ့ပြီး ဈေးကွက်စမ်းသပ်ထိုးဖောက်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့အတူ **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ရုပ်ရှင်လုပ်ငန်း အဆင့်အတန်းမြင့်မားရေးအတွက် လိုအပ်သော စက်ကိရိယာများကိုလည်း အဘက်ဘက်က ပြည့်စုံအောင် ပံ့ပိုးကူညီထူထောင်ပေးလျက်ရှိပါကြောင်း၊ ယနေ့ဆိုလျှင် ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဆက်စပ်အသုံးပြုရမည့် စက်ပစ္စည်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းနေပြီဖြစ်ပါကြောင်း၊ မကြာမီ ရုပ်ရှင်ကူးဆေးစက်၊ အရောင်ခွဲစက်နှင့် စတီရီယိုအသံကူးပြောင်းစက် အသစ်များ ရောက်ရှိလာတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အရုပ်၊ အရောင်၊ အသံ အရည်အသွေးများ ပိုမိုကောင်းမွန်သည့် ရုပ်ရှင်ဇာတ်ကားများကို ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း၊** ယင်းတို့သည် ရုပ်ရှင်လောကနှင့် လောကသားများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက ထားရှိသည့် စေတနာများဖြစ်ပါကြောင်း၊ ရုပ်ရှင်လောကသားများအနေနှင့်လည်း မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးနှင့် ဈေးကွက်ကျယ်ပြန့်ရေးသည် မြန်မာ့ရုပ်ရှင်လောက၏ အသက်ဖြစ်သည်ဆိုတာ သဘောပေါက်ပြီး အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးစားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံတော်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်အောင်၊ ရုပ်ရှင်အဆင့်အတန်းမြင့်မားလာအောင် ယခုကဲ့သို့ အားပေးချီးမြှင့်ခဲ့သလို ရုပ်ရှင်လောကသားများအတွက် မှီခိုအားထားရာဖြစ်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အသစ်ကိုလည်း ပြန်လည်ဖွဲ့စည်းပေးခဲ့ရာ ယခုဆိုလျှင် နှစ်နှစ်နီးပါး သက်တမ်းရှိခဲ့ပြီဖြစ်ပါကြောင်း၊ ထိုသက်တမ်းကာလအတွင်း အစည်းအရုံးအမှုဆောင်များအနေနှင့်လည်း စည်းစည်းလုံးလုံး တက်တက်ကြွကြွနှင့် ရုပ်ရှင်လောက တိုးတက်လာအောင် ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများက ဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်ကိုလည်း ၂၀၀၅ ခုနှစ်ကတည်းက ညှိနှိုင်းချမှတ်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ အခါအခွင့်သင့်ခိုက် ရုပ်ရှင်လောကသားများ ထပ်မံသိရှိကြိုးပမ်းနိုင်အောင် ပြန်လည်ပြောကြားရမည်ဆိုလျှင်—

**(၁) ရုပ်ရှင်လောကသားများရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ရန်။**

**(၂) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုထုတ်လုပ်မှု စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။**

**(၃) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားများ ထုတ်လုပ်မှုအဆင့်အတန်း၊ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရန်။**

**(၄) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်ရန်။**

**(၅) နိုင်ငံတော်ရဲ့အမျိုးသားရေးတာဝန်များကို နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲပူးပေါင်း ထမ်းဆောင်ကြရန်**

ဆိုသည့်အချက်များပင်ဖြစ်ကြောင်း။

ထို့အပြင်ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ဦးဆောင်မှုနှင့် ရုပ်ရှင်လောကသားများ၊ လုပ်ငန်းရှင်များက ဆောင်ရွက်သင့်သည့် အချက်(၅)ချက်ကိုလည်း မိမိပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

ယင်းတို့မှာ—

**(၁) နိုင်ငံတော်ကမူဘောင်နဲ့အညီ ပံ့ပိုးပေးမှုနဲ့ ခေတ်မီ Studioတစ်ခုကို တစ်ဦးတည်းဖြစ်စေ၊ အများနဲ့ဖြစ်စေ ပူးပေါင်းအကောင်အထည်ဖော်ရန်။**

**(၂) Stereo အသံစနစ်ကို တည်းဖြတ်နိုင်တဲ့ တည်းဖြတ်စက်များ ထူထောင်ရန်။**

**(၃) နိုင်ငံတကာအဆင့်မီရိုက်ကူးနိုင်တဲ့ကင်မရာအပါအဝင် ခေတ်မီရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးပစ္စည်းများရှိလာအောင် ဆောင်ရွက်ကြရန်။**

**(၄) ပုဂ္ဂလိကပိုင်နဲ့ နိုင်ငံတော်ထံမှ ငှားရမ်းလုပ်ကိုင်နေတဲ့ ရုပ်ရှင်ရုံများကို ခေတ်မီအောင် ပြုပြင်တည်ဆောက်သွားကြရန်။**

**(၅) နိုင်ငံတကာအဆင့်မီ ခေတ်မီရုပ်ရှင်ရုံများ ရန်ကုန်မြို့နဲ့ မန္တလေးမြို့တို့မှာ ပေါ်ထွန်းလာစေရေးဆောင်ရွက်ကြရန်**

စသည့်အချက်များပဲဖြစ်ပါကြောင်း။ **စာမျက်နှာ ၆ ကော်လံ ၁ သို့**




ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုရရှိသော ထွန်းအိန္ဒြာဗိုအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)




ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသော ချမ်းသာကြည်စိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)




ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရရှိသော မြတ်ကေသီအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၅ မှ

ထို့အပြင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့အခါ ပြောင်းလဲသုံးစွဲရန် လေ့လာဆောင်ရွက်နေကြသည့် E-Cinemaစနစ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာပြီး မိမိတို့ရုပ်ရှင်လောကတိုးတက်ရေးအတွက် တကယ်တမ်းအကျိုးရှိနိုင်မည်ဆိုလျှင် ပြောင်းလဲအသုံးပြုအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းမဆို အကျိုးနဲ့အပြစ်ဒွန်တွဲနေစမြဲမို့ ထို E-Cinema စနစ်မှာလည်း မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက်ရော ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်သူများ၊ ပြသသူရုပ်ရှင်ရုံပိုင်ရှင်များ၊ ရုပ်ရှင်ကြည့် ပြည်သူများအတွက် အားသာ အားနည်းချက်များကို နှိုင်းယှဉ်ပြီး လေ့လာသုံးသပ် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားလိုကြောင်း။

ထိုမှာကြားတိုက်တွန်းချက်များကို ခြုံငုံလေ့လာဆန်းစစ်လိုက်မည်ဆိုလျှင် မြန်မာ့ရုပ်ရှင်လောကနဲ့ ရုပ်ရှင်လောကသားများအကျိုးအတွက် ဦးတည်တိုက်တွန်းနှိုးဆော်ချက်များချည်းဖြစ်သည်မို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေနှင့်ရော ရုပ်ရှင်လောကသားအားလုံးကပါ ယခုဆောင်ရွက်နေသည်ထက် အရှိန်အဟုန်မြှင့်ပြီး အလေးထား လိုက်နာကြိုးပမ်းဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်းမှာကြားလိုပါကြောင်း။

၂၀၀၅ခုနှစ်နှင့် ၂၀၀၆ခုနှစ်များတွင် မြန်မာနိုင်ငံထဲကို ပြည်ပကဝင်လာသည့် ရုပ်ရှင်ကားများ၊ စီဒီပြားများ အထူးများပြားပါကြောင်း၊ နှစ်စဉ် ပြည်ပက ဝင်လာသည့် ဗွီစီဒီရုပ်ရှင်ကားသည် ပြည်တွင်းက ထုတ်လုပ်သည့် ရုပ်ရှင်ကားထက် အရေအတွက်များနေပါကြောင်း၊ ယင်းတို့သည် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကအတွက် စိန်ခေါ်မှုများဖြစ်သလို အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့အပေါ်မှာလည်း စိန်ခေါ်နေမှုများပဲဖြစ်ပါကြောင်း၊ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်မှသာ မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုလောကဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သတိပေးမှာကြားလိုပါကြောင်း၊ ထို့အပြင်





## လဟာပြင်ဇာတ်ရုံ

**၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပစဉ်။**

(သတင်းစဉ်)

## ဂုဏ်ပြုနှုတ်ဆက်

**အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုနှင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသော လူမင်းအား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

မြန်မာ့ရုပ်ရှင်အဆင့်အတန်းကို ကြည့်လျှင် ဇာတ်လမ်းဇာတ်ကွက်အပိုင်း၊ တင်ပြသရုပ်ဖော်မှု အပိုင်း၊ သရုပ်ဆောင်မှု အပိုင်း၊ ဝတ်စားဆင်ယင်မှုအပိုင်း၊ ထုတ်လုပ်သူအပိုင်း၊ စတူဒီယိုစသည့် ရိုက်ကူးရေးအထောက်အကူပြုအပိုင်း၊ အသံ၊ အရုပ်၊ အရောင်စသည့် စက်မှုနည်းပညာအပိုင်း၊ ပြသမှုအပိုင်းနှင့် ရုပ်ရှင်ရုံဝန်ဆောင်မှုအပိုင်း စသည့်အပိုင်းအားလုံးတွင် အားနည်းမှုများရှိနေသေးတာတွေ့ရှိရပါကြောင်း၊ ထိုအရာများကို ပြုပြင်ဆောင်ရွက်နိုင်မှသာ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားလာပြီး ပြည်ပမှ ထိုးဖောက်လာသည့် Mediaစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်ပကိုပါ ပြန်လည်ထိုးဖောက်ပြသနိုင်ပြီး ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိုအားနည်းချက်များ၊ မပြည့်စုံမှုများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်သည့်အချက် (၁၂)ချက်ကိုလည်း ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားများတွင်ရော၊ ရုပ်ရှင်လောကသားများနှင့်တွေ့ဆုံပွဲအခမ်းအနားများတွင်ပါ မိမိအကြိမ်ကြိမ် အကြံပြုမှာကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုအချက်များကို အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာမှာလည်း အခက်အခဲများ၊ ဝိရောဓိများ အများအပြားနှင့် ကြုံတွေ့ကောင်းကြုံတွေ့မည်ဖြစ်ပါကြောင်း၊ ထိုကြုံတွေ့လာသည့် အခက်အခဲဝိရောဓိများကို ရုပ်ရှင်အစည်းအရုံးအနေနှင့် ရုပ်ရှင်လောကသားများကို ဦးဆောင်ပြီး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင်လည်း–

**(၁) ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရည်မှန်းချက်**
**(၂) အတ္တ၊ ပရ မျှတစွာ ဆောင်ရွက်မှု**
**(၃) ခွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်မှု**
**(၄) စည်းလုံးညီညွတ်မှု**
**(၅) ပူးပေါင်းဆောင်ရွက်မှုနဲ့**
**(၆) စိတ်ရှည်သည်းခံ နားလည်ခွင့်လွှတ်မှု**

ဆိုသည့်အချက်များကို အခြေခံပြီး ဖြေရှင်းဆောင်ရွက်သွားကြမည်ဆိုလျှင် မအောင်မြင်နိုင်စရာမရှိဘူးဟု တိုက်တွန်းမှာကြားလိုပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့်လည်း အတတ်နိုင်ဆုံးပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်သလို ဆောင်ရွက်သင့်တာများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မကြာမီ အချိန်အတွင်းတွင် ၂၀၀၅ခုနှစ်အတွက် ထူးချွန်ဆုများကို တစ်ခုချင်းကြေညာပြီး ချီးမြှင့်တော့ မည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ရာတွင် ရုပ်ရှင်ဥပဒေပါ အခြေခံမှု (၇)ရပ်ကို အခြေခံပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့ အဆင့်ဆင့်က ထူးချွန်ဆုတစ်ခုချင်းကို သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်းများနှင့် ဆန်းစစ် စိစစ်အကဲဖြတ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၀၅ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၁၆ကားကို အပြန်ပြန်အထပ်ထပ် ကြည့်ရှုအကဲဖြတ်ရွေးချယ်ထားခြင်းလည်းဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ထူးချွန်ဆုဆွတ်ခူးကြသည့် ရုပ်ရှင်အနုပညာရှင်၊အတတ်ပညာရှင်များအနေနှင့် ထပ်ဆင့်ထူးချွန်ဆုများရရှိအောင် ဆက်လက်ကြိုးပမ်းသွားကြရန်နှင့် ဆုမရရှိသေးသည့်ပုဂ္ဂိုလ်များအနေနှင့်လည်း နောင်နှစ်များတွင် ထူးချွန်ဆုများ ဆွတ်ခူးနိုင်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကာလ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနဲ့ တိုးတက်ဖွံ့ဖြိုးရေးကြိုးပမ်းမှုကာလများတွင် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် တက်ကြွစည်းလုံးစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ ယနေ့ခေတ်မျက်မှောက်ကာလတွင်လည်း တက်ကြွညီညွတ်စွာ ပါဝင်နေကြသည်ကို တွေ့ရပါကြောင်း၊ အနာဂတ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်အစိုးရက ယနေ့ဆောင်ရွက်နေသည့် အဆင့်(၇)ဆင့်ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြပါဟု ထပ်မံတိုက်တွန်းမှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေနှင့် ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ရည်ရွယ်ချက် (၅)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြပါ။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုနှင့် ရုပ်ရှင်လုပ်ငန်းရှင်များက ဆောင်ရွက်ရမည့် အချက်(၅)ချက်ကိုလည်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ကြပါ။

မြန်မာ့ရုပ်ရှင်လောကရဲ့ အသက်လို့ဆိုရမယ့် ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးနဲ့ ဈေးကွက်ကျယ်ပြန့်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ။

ရုပ်ရှင်လောကသားများအနေနဲ့လည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရဲ့ ဦးဆောင်မှုကိုခံယူပြီး မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြပါ။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရုပ်ရှင်ပညာနဲ့ ကူညီပံ့ပိုးဆောင်ရွက်ကြပါ။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနဲ့ အတူလက်တွဲပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ၂၀၀၅ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် အမည်စာရင်းကို အကယ်ဒမီဆု ရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားတည်းဖြတ်ဆုကို ဆဋ္ဌဂံဇာတ်ကားမှ အောင်သွင်ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်အသံထူးချွန်ဆုကို ကျန်စစ်မင်းဇာတ်ကားမှ ရဲဝင်း(ခ)ရစ်ချတ်ရဲဝင်းကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဓာတ်ပုံဆုကို မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍ ဇာတ်ကားမှ နိုင်နရှိန်(ဖထီး)ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို ကျန်စစ်မင်းဇာတ်ကားမှ ခင်မောင်ကြီးကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို ဆဋ္ဌဂံဇာတ်ကားမှ ကြည်စိုးထွန်းက လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**





## ဂုဏ်ပြု နှုတ်ဆက်

**အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရရှိသော မြတ်ကေသီအောင်အား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ စိုးမြတ်သူဇာ ဂုဏ်ပြုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## ဂုဏ်ပြု

**အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရရှိသော ထွန်းအိန္ဒြာဗိုအား ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ခင်သီတာထွန်းနှင့် ခိုင်သင်းကြည်တို့ ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။**(သတင်းစဉ်)

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

✻ စာမျက်နှာ ၆ မှ

ချစ်ခြင်းဖွဲ့မေတ္တာဇာတ်ကားမှ မြတ်ကေသီအောင်ကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ဇေရက် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ကျန်စစ်မင်းဇာတ်ကားကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ဆဋ္ဌဂံဇာတ်ကားမှ ချမ်းသာကြည်စိုးကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုကို ဆဋ္ဌဂံဇာတ်ကားရိုက်ကူးသူ ကြည်စိုးထွန်းက လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍ ဇာတ်ကားမှ ထွန်းအိန္ဒြာဗိုကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို ကျန်စစ်မင်းဇာတ်ကားမှ လူမင်းကလည်းကောင်း ရရှိကြောင်း ကြေညာပေးကြပြီး ဆုတစ်ခုချင်းအလိုက် အကောင်းဆုံးရုပ်ရှင်ပြကွက်အချို့ကို ကောက်နုတ်ပြသသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား ရွှေစင်ရုပ်ဆုနှင့် စူပါကော်ဖီမစ်မှ ချီးမြှင့်သည့် ငွေကျပ်နှစ်သိန်းစီကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု( အကယ်ဒမီဆု ) ရရှိကြသူများ

**၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

# ချိုသာပြေပြစ်သည့် ဆက်ဆံမှုဖြင့် ပြည်သူကိုအလုပ်အကျွေးပြု ကိုယ်ကျိုးရှာဖွေခြင်းမပြုသော ဝန်ထမ်းကောင်းဖြစ်ရန် ကြိုးပမ်း

**နေပြည်တော် မတ် ၅**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၀၇)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဦးတည်ချက်များ၊ တိုးတက်အောင်မြင်မှုများ သိရှိလေ့လာပြီး ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့်အခွန်စနစ်များကို ချိုသာပြေပြစ်သည့် ပြောဆိုဆက်ဆံမှုများဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း၊ တာဝန်နှင့် ရပိုင်ခွင့်များဖြင့် ကိုယ်ကျိုးရှာဖွေခြင်းမပြုသော၊ ပြည်သူများ ယုံကြည်အားကိုးရသော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်စေရန် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်ပြီး ရိုးဖြောင့်မှန်ကန်သော စိတ်ထားဖြင့် နိုင်ငံတော်ကို တာဝန်သိသိ သစ္စာရှိရှိ အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၀၇)သို့ သင်တန်းသား ၇၅ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၅**

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အမှတ်(၁)နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းနှင့်ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး သင်ကြားပြီးစီးမှုအပေါ် ပုံမှန်စစ်ဆေးမှု၊ အခန်းဆုံး စစ်ဆေးမှု၊ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများကို စစ်ဆေးကြည့်ရှုပြီး ရေနှင့် မိလ္လာစနစ်ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒဂုံမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေး၍ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ ရေနှင့်မိလ္လာစနစ် ကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# …းမှ ဖြစ်ပေါ်လာသောဆန္ဒ

ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်း၊ ၂၀၀၇ ခုနှစ်တွင် ၂၇ ရာခိုင်နှုန်းဖြင့် ထောက်ခံမှု တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရသည်။ အမေရိကန်နိုင်ငံအား ဆန့်ကျင်မှု ရာခိုင်နှုန်းမှာမူ ၂၀၀၅ ခုနှစ်တွင် ၄၆ ရာခိုင်နှုန်း၊ ၂၀၀၆ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းနှင့် ၂၀၀၇ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်းခန့် ရှိလာသဖြင့် အမေရိကန်နိုင်ငံ၏ မူဝါဒများကို လူကြိုက်နည်းမှု တဖြည်းဖြည်းများလာသည်ကို တွေ့ရသည်။

ကျွန်မ ရန်ကုန်ပြန်ရောက်သည့် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့မှာ ဆန္ဒပြနေသည်ကို တွေ့ရပြန်သည်။ အကြောင်းရင်းကို စောကြောမိသောအခါ အမေရိကန်သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို သူတို့စိတ်ကြိုက်ခြယ်လှယ်နိုင်ရန် ကုလသမဂ္ဂကို အသုံးချနေသောကြောင့် ပြည်သူများက မခံမရပ်နိုင်ဖြစ်ပြီး ပြည်သူ့ဆန္ဒသဘောထားကို ဖော်ထုတ်ပြခြင်းဖြစ်ကြောင်း တွေ့ရသည်။ ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံ ချစ်ခင်သူများအသင်းကလည်း အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သည့် လုပ်ရပ်ကို မခံမရပ်နိုင်ဖြစ်ကြသည့်အတွက် အမှန်တရားဘက်မှ ရပ်တည်ကာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် တိုကျိုမြို့ရှိ ဗြိတိန်သံရုံးရှေ့၌လည်းကောင်း၊ အမေရိကန်သံရုံးရှေ့၌ လည်းကောင်း ဆန့်ကျင်ကန့်ကွက် ဆန္ဒပြခဲ့ကြကြောင်း သိရသည်။ ထို့အပြင် အမေရိကန်နှင့် ဗြိတိန်တို့အနေဖြင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းမှု နောက်ထပ်မပြုလုပ်ရန် တောင်းဆိုထားသည့် စာများကိုလည်း အဆိုပါ သံရုံးအသီးသီးသို့ ပေးအပ်ခဲ့သည်ဟု သိရသည်။

**“မြန်မာနိုင်ငံအား ကျွန်ုပ်တို့ချစ်သည်”** (We Love Myanmar)၊ **“မြန်မာ့အရေးကိစ္စကို မြန်မာပြည်သူများကိုသာ ဆုံးဖြတ်ခွင့်ပေးပါ”** (Let Myanmar Decide their fate)၊ **“ဒီမိုကရေစီသည် ပြည်ပပို့ကုန်မဟုတ်”** (Democracy is not an export commodity)၊ **“ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုရုပ်သေးရုပ်လို ခုတုံးလုပ်အသုံးမချပါနဲ့”** (Don't make UNSC your puppet)၊ **“မြန်မာနိုင်ငံ အတွက် လိုအပ်နေသည်မှာ ဖိအားပေးမှု မဟုတ်ပါ၊ နားလည် သဘောပေါက်မှုသာဖြစ်သည်”** (Myanmar needs not pressure, but understanding)၊ **“ဘားမား မဟုတ်ပါ၊ မြန်မာဟုခေါ်ပါ”** (Not Burma, But Myanmar) စသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကြွေးကြော်သံ ပိုစတာများကို ကိုင်ဆောင်ဆန္ဒပြခဲ့ကြသည်။

၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံ၏အခြေအနေ (Situation of Myanmar) ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် အမေရိကန်က အဆိုပြုခဲ့သည်။ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် ကန့်ကွက်သည့် နိုင်ငံလေးနိုင်ငံ၊ မဲမပေးဘဲနေသောနိုင်ငံ တစ်နိုင်ငံ၊ ထောက်ခံသောနိုင်ငံ ၁၀နိုင်ငံတို့၏ မဲဖြင့် အတည်ပြုခဲ့သည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ယာယီ သံအမတ်ကြီးက အမေရိကန်နှင့်ဗြိတိန်တို့ ပူးပေါင်းပြုစုသည့် မြန်မာနိုင်ငံ အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေး ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးကြရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ၁၉၇၂ခုနှစ် ကတည်းက ယနေ့အထိ မကြုံဖူးသေးသော Double Veto ဖြင့်ပယ်ချခဲ့ပါသည်။ တောင်အာဖရိကနိုင်ငံက ကန့်ကွက်ခဲ့ပြီး ကာတာ၊ ကွန်ဂိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ကြားနေပေးခဲ့ကာနိုင်ငံပေါင်း ၁၁၈ နိုင်ငံဖြင့် ဖွဲ့စည်းထားသော ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီး (Non-Aligned Movement)က မြန်မာနိုင်ငံကိုယ်စား ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ စာရေးသား၍ ကန့်ကွက်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတကာမှ ခေါင်းဆောင်များ တရားဝင်ပြောကြားခဲ့သော အောက်ပါစကားရပ်များအရ မြန်မာနိုင်ငံသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ခြင်း မဟုတ်ဘဲ အမေရိကန်နိုင်ငံက မဟုတ်မမှန် လုပ်ကြံစွပ်စွဲလိုက်ခြင်းသာ ဖြစ်သည်ကို ထင်ထင်ရှားရှား တွေ့ရမည်ဖြစ်သည်–

**“မြန်မာ့အရေးမှာ အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးသာဖြစ်သည်။”**

(တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီး Mr.Wang Guangya ၁၂–၁–၂၀၀၇၊ UN Security Council)




ဖိလစ်ပိုင်နိုင်ငံ အမေရိကန်သံရုံးရှေ့၌ ဖိလစ်ပိုင်ပြည်သူများ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြကြစဉ်။

**“မြန်မာ့ပြည်တွင်းရေးသည် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်ရာ မရောက်။”**

(ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr.Wang Guangya ၁၂–၁–၂၀၀၇၊ UN Security Council)

**“မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် မသက်ဆိုင်ပါ။”**

(ကုလသမဂ္ဂဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr.Vitaly Churkin ၁၂–၁–၂၀၀၇၊ UN Security Council)

**“မြန်မာ့အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းရှိ နိုင်ငံတော်တော်များများက မြန်မာနိုင်ငံအခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ငြိမ်းချမ်းရေးကို မခြိမ်းခြောက်ဟု ယုံကြည်ထားကြသည်။”**

(တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် Mr.Liu Jianchao Myanmar's Situation poses no threat to int'l peace, security၊ ၁၃–၁–၂၀၀၇)

**“ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းခြင်း၊ အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ဘောင်ကျော် လုပ်ဆောင်လာခြင်းဖြစ်သည်။”**

(ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wang Guangya ၁၂–၁–၂၀၀၇၊ UN Security Council)

**“မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ရာ မရောက်ဟု အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)က တညီတညွတ်တည်း သဘောတူလိုက်သည်။”**

(အာဆီယံဝန်ကြီးများအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့၊ ၁၁–၁–၂၀၀၇)

**“အာဆီယံနိုင်ငံများ အစည်းအဝေးကပင် မြန်မာ့အရေးကိစ္စသည် နိုင်ငံတကာ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို မခြိမ်းခြောက်ပါဟု ပြောကြားခဲ့ပြီးဖြစ်သည်။”**

(ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wang Guangya ၁၂–၁–၂၀၀၇၊ UN Security Council)

**“မြန်မာ့အရေးကိစ္စသည် လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ရန် မဆီလျော်၊ မသင့်လျော်ပါ။”**

(ကုလသမဂ္ဂဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး Mr. Rezlan Jenie၊ ၁၇–၁–၂၀၀၇)

**“မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝန်း၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်နေသည်ဆိုသည်မှာ လုံးဝမမှန်ကန်ပါ။ ဘက်မလိုက်အဖွဲ့ကြီးက ထိုသို့မယူဆပါ။”**

(ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဥက္ကဋ္ဌ Mr. Hamidon Ali မှ ၁၀–၂–၂၀၀၆၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ Mr. Jean-Mare de la Sablievaထံစာရေးသားပေးပို့ချက်)

**“မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်မူကြမ်းကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကျေနပ်မှုမရှိပါ။”**

(အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်းMr.AliAlatas ဘီဘီစီ အသံလွှင့်ဌာန၏ မေးမြန်းချက်ကို အခိုင်အမာ ဖြေကြားခြင်း၊ ၉–၁–၂၀၀၇)

**“တောင်အာဖရိကသည် လူ့အခွင့်အရေးကိစ္စရပ်များကို စိတ်ဝင်တစားရှိပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည် မဟုတ်ပါ။ ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်စွက်ဖက်ရန် လုံလောက်သော အကြောင်းပြချက် မဟုတ်။”**

(တောင်အာဖရိကနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Aziz Pahad “Asia Observer: Why SA voted no on Myanmar”၊ ၁၇–၁–၂၀၀၇)

**“မြန်မာနိုင်ငံအရေးကိစ္စသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ဝင်ရောက်လုပ်ဆောင်ရန် ကိစ္စမဟုတ်ပါ။”**

(ကုလသမဂ္ဂဆိုင်ရာ တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး Mr. Dumisani Kutnalo ၊၁၇–၁–၂၀၀၇)

**“မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသည် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်သည်ဟု မယူဆကြပါ။”**

(ကာတာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E. Mr. Sergey Lavrov UNSC 5526th Meeting(SC/8832)၊ 15-9-2006)

**“အာဂျင်ဒါတွင် ပါဝင်သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုဟူသည့် ဖော်ပြချက်သည် ယနေ့နိုင်ငံတိုင်းတွင် ကြုံတွေ့နေရသော ကိစ္စရပ်မျိုးသာဖြစ်သည်။”**

(ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့မှ Mr. Liu Jianchao UNSC 5526th Meeting(SC/8832)၊ 15-9-2006)

**“ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မိမိ၏ လုပ်ပိုင်ခွင့်ထက် စည်းကျော်၍ မြန်မာနိုင်ငံ၏ အရေးအား ဝင်ရောက်ဆောင်ရွက်ခြင်းကို ရုရှားကိုယ်စားလှယ်အနေဖြင့် ကန့်ကွက်ပါသည်။”**

(ကုလသမဂ္ဂဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr.Vitaly Churkin၊ ၁၂–၁–၂၀၀၇၊ UNSC)

**ထိုသို့ အိမ်နီးချင်းနိုင်ငံများ၊ အမှန်တရားဘက်မှ ရပ်တည်သည့် နိုင်ငံများက မြန်မာ့အရေးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ခြင်းမရှိဟု မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်လျက်ရှိနေသော်လည်း တည်နေရာ ကုန်းမြေတစ်ဆက်တစ်စပ်တည်းပင်မရှိသော၊ မိုင်ပေါင်း ကုဋေကဋာ ကွာဝေးစွာတည်ရှိသော အမေရိကန်က မြန်မာနိုင်ငံသည် နိုင်ငံတကာ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည်ဟု ပြောနေခြင်းမှာ ယုတ္တိမတန်ပါ။**

**ကျွန်မတို့မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပေါ်ထွန်းစေရန် အစိုးရနှင့် ပြည်သူ ကြည်ကြည်ဖြူဖြူ အသွင်တူစွာ ကြိုးပမ်းနေကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ တိုးတက်မှုများကို ခန့်မှန်းစွပ်စွဲပြောကြားနေခြင်းများအား ရပ်တန့်ပြီး ကျွန်မတို့နိုင်ငံကို မျက်မြင်ဒိဋ္ဌ ကြည့်နိုင်၊ မြင်နိုင်၊ အမှန်တရားကို လက်တွေ့ ပြောနိုင်ရန် တစ်ခါတစ်ခေါက် လာရောက်လှည့်ရန် ဖိတ်ခေါ်လိုက်ပါသည်။ ကျွန်မကိုယ်ပိုင်အမြင်ဖြင့်ပြောရလျှင် အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီရေး အကြောင်းပြကာ စွက်ဖက်ရေးမူဝါဒကို ပြုပြင်သင့်ပြီဟု ပြောလိုပါသည်။**

အချုပ်ဆိုရလျှင် ကမ္ဘာပေါ်ရှိ အချုပ်အခြာ အာဏာပိုင်နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် လိုက်နာကျင့်သုံးနေသည့် မူဝါဒများ၊ သက်ဆိုင်ရာ ယဉ်ကျေးမှု သမိုင်းအစဉ်အလာများလည်း ရှိကြပါသည်။ ထိုသို့သော အခြေခံများကို မသိရှိ နားမလည်ဘဲ (သို့မဟုတ်) အလေးဂရုမပြုဘဲ (သို့မဟုတ်) လျစ်လျူရှုထားလျက် ၎င်းတို့ သတ်မှတ်ထားသော စံနှုန်းဖြင့် တိုင်းတာနေမည်ဆိုပါက နည်းလမ်းမကျပါ။ ဒီမိုကရေစီ၏ အဓိပ္ပာယ်ကပင်လျှင် လူအများစု၏ ဆန္ဒသဘောထားကို လိုက်လျောရသကဲ့သို့ လူနည်းစု၏ သဘောထားကိုလည်း လေးစား အသိအမှတ်ပြုရသည့် သဘောသဘာဝ ရှိပါသည်။ သို့ဆိုလျှင် ကမ္ဘာတစ်ဝန်း၏ လမ်းမများပေါ်မှ အမေရိကန် ဆန္ဒပြသူများ၏ ဆန္ဒသဘောထားကို မည်သို့ သဘောထားပါသနည်း။ နိုင်ငံပေါင်း ၁၉၂နိုင်ငံပါဝင်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒကို မည်သို့ လိုက်လျောပါမည်နည်း။

အမေရိကန်အစိုးရ၏ ဖြေရှင်းချက်ကို ကမ္ဘာသူ၊ ကမ္ဘာသားများနှင့် အတူ ကျွန်မတို့ စောင့်မျှော်နေကြပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆–၃–၂၀၀၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာ ဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၇။ အတီးပြိုင်ပွဲ

၈:၁၅ ၈။ နှောင်းခေတ်တေးပဒေသာ

၈:၂၅ ၉။ မင်းလှရေလျောင်တမံ

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Let's Go.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၂၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၄ခုနှစ်)

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ – ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်

၅:၂၅ ၇။ **“အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ” (စိုးသူ၊နှန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**

၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ

၆:၅၀ ၁၂။ တမာနှင့် ဖိုးနီရေလျောင်တမံ

၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သစ္စာ ဘဝပင်ခြားသော်လည်း” (အပိုင်း–၁)**

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း–၂၉)**

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

➪ **ဝန်ကြီးဗိုလ်ချုပ်စောထွန်းမှ**

ဝန်ကြီးက မြေသားလမ်းတိုးချဲ့ပြီးသော အပိုင်းများ၌ ၂၄ပေအကျယ် ကျောက်ချောလမ်းနှင့် ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းမီလုပ်ဆောင်ရန်၊ ကျောက်အရွယ်အစား၊ ကျောက်ထုအထူ ပြည့်မီ၍ လိုအပ်သည့် သိပ်သည်းမှုရအောင် ခင်းကြိတ်ရန်တို့ကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် အဆိုပါစခန်းမှထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက်လမ်းတံတားလုပ်ငန်းများကို စစ်ဆေး၍ နေ့လယ်ပိုင်းတွင် ရန်ကုန်-ပြည်-မန္တလေးလမ်း မိုင်တိုင် ၂၁၁ မိုင် ခြောက်ဖာလုံတွင်ရှိ ဘွက်ကြီးတံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှ တာဝန်ခံအင်ဂျင်နီယာဦးကျော်သူက တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မလုပ်ငန်းများကို စတင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ချိန်အမီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ချဉ်းကပ်လမ်းလုပ်ငန်းကို တံတားလုပ်ငန်းများနှင့် တစ်ပြိုင်တည်းလုပ်ဆောင်ရန်တို့ကိုမှာကြားသည်။

ဘွက်ကြီးတံတားမှာ လွန်တူးဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ရက်မနှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မတို့ဖြစ်ပြီး ပင်မတံတားအရှည် ပေ ၆၀၀၊ ချဉ်းကပ်တံတား ပြည်ဘက်ကမ်း ပေ ၆၅၀ နှင့် အောင်လံဘက်ကမ်း ပေ ၅၂၀ရှိ၍ စုစုပေါင်းအရှည်ပေ ၁၇၇၀ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ နှစ်ဖက်ပါရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

ယခုအခါ ဘွက်ကြီးတံတား၏ ပြည်ဘက်ကမ်းချဉ်းကပ်တံတား ၁၀ခန်း၌ ကိုးခန်းပြီးစီး၍ အောင်လံဘက်ကမ်းချဉ်းကပ်တံတား ရှစ်ခန်းတွင် ငါးခန်းဆောင်ရွက်ပြီးဖြစ်သည်။ ပင်မတံတားတွင် ရေလယ်တိုင် ခုနစ်တိုင်ရှိသည့်အနက် ခြောက်တိုင်ပြီးစီးလျက် ကျန်တစ်တိုင်၏ ပိုင်တိုင်ထိပ်အုပ်လုပ်ငန်း ဆောင်ရွက်ဆဲဖြစ်ပြီး ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

◆ **ရထားပို့ဆောင်ရေးမှ**

တည်ဆောက်ရေးပစ္စည်းများ အချိန်မီပို့ဆောင်စုဆောင်းရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်း ဖားတစ်ရှဉ်း တံတားသည် မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာ အကြား မိုင်တိုင် ၁၇၂/၁၄-၁၅ တွင် တည်ရှိသည်။ တံတားအရှည် ၄၆၉ပေရှိပြီး ကမ်းကပ်ခုံနှစ်ခုနှင့် ရေလယ်တိုင် ခြောက်ခု ပါဝင်သည်။ တံတားသည် ရထားကူးတံတားအမျိုးအစား ဖြစ်သော်လည်းတန်ချိန်၃၀အထိရှိသော ကားများပါ ဖြတ်သန်းသွားလာနိုင်ရန် သစ်သားကြမ်းခင်းဖြင့် တည်ဆောက်လျက်ရှိသည်။

**ဖြည့်ဆည်းမှာကြား**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကြံခင်းမြို့နယ်ရှိ ကြံခင်းနှင့် ပန်းရန်စုအကြား ကားလမ်းကူးနေရာ၌ မြေသားတာပေါင်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ကြံခင်းနှင့် အုတ်ပုံလမ်းဆုံအကြား ဘက်ရဲဘူတာအဝင်လမ်းနှင့် ဘူတာရုံတည်ဆောက်ရန် မြေနေရာပြုပြင်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းပန်းတောင်းမြို့နယ်ရှိဝေါချောင်း တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက လုပ်ငန်းဆောင်ရွက်မှုများအား လိုက်လံရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းခဝါချောင်းတံတားသည် ပေ ၄၆၀ ရှည်လျား၍ ကမ်းကပ်ခုံနှစ်ခုနှင့် ရေလယ်တိုင် ခုနစ်ခုပါရှိကာ ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်သုံး သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ပြီး ခဝါချောင်းအား ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကွင်းလှလမ်းဆုံ၌ မြန်မာ့မီးရထားက ပြုလုပ်လျက်ရှိသော ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင် ထုတ်လုပ်ရေး လုပ်ငန်းခွင်သို့ရောက်ရှိ၍ ကွန်ကရစ်တံတားပေါင်များ ပုံသွင်းထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တံတားများ၏ လိုအပ်ချက်များအပေါ် အချိန်နှင့်တစ်ပြေးညီ ထုတ်လုပ်ရေးနှင့် လုပ်ငန်းခွင်များသို့ သတ်မှတ်ချိန်အမီ ပေးပို့နိုင်ရေးစုပေါင်းကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

**သူရဲတန်းချောင်းတံတား**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် သူရဲတန်းနှင့် ပြင်ကြီးအကြားရှိ သူရဲတန်းချောင်း တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက တံတားတည်ဆောက်မှုများအားလိုက်လံရှင်းလင်းတင်ပြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ သူရဲတန်းချောင်း တံတားသည် ပေ ၁၃၂၀ ရှည်လျားပြီး ကမ်းကပ်ခုံ နှစ်ခုနှင့် ရေလယ်တိုင် ၁၉ ခု ပါဝင်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်သုံး သံကူကွန်ကရစ်အမျိုးအစား ဖြစ်ကာ သူရဲတန်းချောင်းအား ဖြတ်သန်းတည်ဆောက်ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဖူးချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက တံတားတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းမှာကြားသည်။ ကျောက်ဖူးချောင်းတံတားသည် ၆၀၂ ပေ ၆ လက်မ ရှည်လျားပြီး ကမ်းကပ်ခုံ နှစ်ခုနှင့် ရေလယ်တိုင် ကိုးခုပါရှိကာ ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်သုံး သံကူကွန်ကရစ် အမျိုးအစားဖြစ်၍ ကျောက်ဖူးချောင်းအား ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ကြံခင်း-ဥသျှစ်ပင် လမ်းပိုင်းစီမံကိန်းရုံးသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာဦးမျိုးဝင်းက ရထားလမ်းမြေသားတာပေါင်ဖို့ခြင်း ဆောင်ရွက်ပြီးစီးမှုများနှင့်တံတားများတည်ဆောက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက နိုင်ငံတော်အကြီးအကဲက ဧရာဝတီအနောက်ဘက်ခြမ်းဒေသများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကြံခင်း-ပခုက္ကူ ရထားလမ်းသစ်ကို ဖောက်လုပ်ရန် လမ်းညွှန်ခဲ့ကြောင်းနှင့် ယင်းလမ်းပြီးစီးပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့အထိ တိုက်ရိုက် သွားလာနိုင်မည်ဖြစ်ပြီး ပခုက္ကူမှတစ်ဆင့် ချောင်းဦး၊ မုံရွာ၊ ရေဦး၊ ခင်ဦးမြို့များမှ မြန်မာပြည်အထက်ပိုင်း မြစ်ကြီးနားမြို့အထိ ရထားဖြင့်သွားလာနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူရသော လမ်းပိုင်းများအလိုက် လမ်းနှင့်တံတားများ သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြံခင်း-ဥသျှစ်ပင် လမ်းပိုင်းသည် စုစုပေါင်း မိုင် ၄၀ ရှည်လျားပြီး ဧရာဝတီတိုင်းအတွင်း၁၄ ဒသမ၅ မိုင်နှင့် ပဲခူးတိုင်းအတွင်း ၂၅ ဒသမ၅ မိုင် ရှိသည်။ တံတားကြီးငယ် စုစုပေါင်း ၁၂၀စင်းနှင့် ဘူတာခြောက်ခုပါရှိပြီး သတ်မှတ်ရက်အမီ ပြီးစီးနိုင်ရေး မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိပ်မြို့တွင်ကျင်းပသည့်အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့် အစည်းအဝေး တက်ရောက်စဉ်။**
(နိုင်ငံခြားရေး)

**နေပြည်တော် မတ် ၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟိုနမ်ဟောင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိပ်မြို့၌ မတ် ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ မတ် ၅ ရက်တွင် ပြန်လည်ရောက်ရှိသည်။

**တက်ရောက်ခဲ့**

ကမ္ဘောဒီးယားနိုင်ငံ၌ ရှိနေစဉ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် မတ် ၁ ရက် ည ၇နာရီတွင် ဆီရမ်ရိပ်မြို့ ဆိုခအမ်ကော (Sokha Ankor Hotel)ဟိုတယ်၌ ကျင်းပခဲ့သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံပဋိညာဉ်စာတမ်းရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ လည်းကောင်း၊ ယင်းနေ့ည ၇ နာရီတွင်ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲများသို့လည်းကောင်း၊ မတ် ၂ ရက် နံနက် ၈ နာရီခွဲတွင် ဆီရမ်ရိပ်မြို့ ဆိုဖီတယ်ရွိုင်ရယ်အမ်ကောဟိုတယ်၌ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့လည်းကောင်း ပါဝင်တက်ရောက်ခဲ့သည်။

**လမ်းညွှန်မှုတောင်းခံ**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အာဆီယံပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ သံအမတ်ကြီး မစ္စစ်ရီစာရီယို မန်နာလိုက အာဆီယံ ပဋိညာဉ်စာတမ်း ရေးဆွဲသည့် အခြေအနေတိုးတက်မှုကို အစီရင်ခံခဲ့ပြီး ပဋိညာဉ်စာတမ်းတွင် အာဆီယံနိုင်ငံများအကြားသဘောထားမတူညီသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ လမ်းညွှန်မှုတောင်းခံခဲ့သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြပြီး အာဆီယံ ပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အား ချမှတ်ပေးမည့် လမ်းညွှန်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်းအာဆီယံ ပဋိညာဉ်စာတမ်းကိစ္စ၊ ဆွေးနွေးဘက်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေးထူထောင်သည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများ ကျင်းပရန်ကိစ္စ၊ အီးယူမှအရှေ့တောင်အာရှနိုင်ငံများ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) တွင် ပါဝင်လက်မှတ်ရေးထိုးရန် အဆိုပြုလာသည့်ကိစ္စ၊ အာဆီယံ-အီးယူ ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပရေးကိစ္စ၊ အရှေ့အာရှ ပူးပေါင်းဆောင်ရွက်မှု၏အနာဂတ်နှင့်ပတ်သက်၍အာဆီယံ၏မဟာဗျူဟာ၊ အာဆီယံ၏တင်းပြည့်ဆွေးနွေးဖက်နိုင်ငံအဖြစ် အဆင့်မြှင့် ဆောင်ရွက်ခြင်း၊ အာဆီယံ၏ လေ့လာသူဖြစ်လိုခြင်းနှင့် အာဆီယံဒေသဆိုင်ရာဖိုရမ် (အေအာရ်အက်ဖ်) တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လိုခြင်းများနှင့်ပတ်သက်၍ လျှောက်ထားလာမှုများ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်ဦးဉာဏ်လင်းနှင့် အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ထူးနှင့်ဦးညီစိုးတို့ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

## သဲဖြူတောရ တရားစခန်း

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရဓမ္မရိပ်သာတွင် မတ် ၉ ရက်မှ ၁၉ ရက်အထိ တရားစခန်းကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ဖုန်း- ၆၆၇၇၁၆၊ ၆၆၂၈၃၆၊ ၆၆၆၁၆၃ တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းစုရပ်သို့ မတ် ၉ ရက် မွန်းလွဲ ၁ နာရီခွဲအရောက် လာရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

## ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး

**ရန်ကုန် မတ် ၅**

ကျောက်တန်းမြို့နယ် အသင်း၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ မတ် ၁၀ ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရအသင်းဝင်သားသမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသားများသည် ဥက္ကဋ္ဌ ဒေါက်တာဦးစိုးတင် ဖုန်း-၆၀၀၁၅၄၊ အတွင်းရေးမှူးဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉ နှင့် ဦးချစ်ဆွေ ဖုန်း-၀၅၆-၂၅ တို့ထံ အထောက်အထား အပြည့်အစုံဖြင့် စာရင်းပေးပို့ ဆက်သွယ်ကြရန်နှင့် မြို့နယ်သူ မြို့နယ်သားများအားလုံးဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)



## ဆီစားသုံးမှု သတိပေးတားမြစ်ချက်ထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
**ဆီစားသုံးမှု သတိပေးတားမြစ်ချက်**
( ၂၀၀၇ ခုနှစ်၊ မတ်လ ၅ ရက် )

၁။ **နိုင်ငံတော်သည် လူမှုရေးဦးတည်ချက်(၄)ရပ်တွင်ပါဝင်သော တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။**

၂။ **နိုင်ငံတော်သည် အထက်ပါကျန်းမာရေးဦးတည်ချက်နှင့်အညီ အမျိုးသားအစားအသောက် ဥပဒေကိုပြဋ္ဌာန်း၍ အများပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။**

၃။ **ယခုအခါ အများပြည်သူစားသောက်လျက်ရှိသော စာသုံးဆီအချို့တွင် ဝိသမစီးပွားရေးသမားအချို့က လူကိုဥပဒ်ဖြစ်စေနိုင်သော ကုန်ကြမ်းဆီနှင့် အခြားမသင့်လျော်သောဆီများကို ရောနှော၍ ရောင်းချလျက်ရှိပါကြောင်း တွေ့ရှိရပါသည်။**

၄။ **ထိုသို့စားသုံးရန် မသင့်သောစားသုံးဆီများကို စားသုံးမိသော ပြည်သူအချို့မှာ ကျန်းမာရေးကိုထိခိုက်ပြီး နှလုံးရောဂါ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ၊ အဝလွန်ခြင်းရောဂါ အစရှိသည်တို့ ပိုမိုများပြားလာကြောင်း လေ့လာတွေ့ရှိရပါသည်။**

၅။ **ကျန်းမာရေးရှုထောင့်အရလေ့လာပါက ဆီစားသုံးခြင်းနှင့် မသင့်လျော်သောဆီများ စားသုံးမိခြင်းဖြင့် ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်နိုင်ပါ၍ ဆီစားသုံးမှုကို လျှော့ပေါ့ကြရန်ဖြစ်ပါသည်။**

၆။ **သို့ပါ၍ ပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော စားသုံးဆီများကိုပြုလုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးတားမြစ်လိုက်သည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

# အင်တာနက် ကျန်းမာရေးသတင်း

## ကလေးအရွယ်တွင် စိတ်သောကကြီးစွာ ခံစားရပါက ဦးနှောက်ပိုင်းဆိုင်ရာထိခိုက်နိုင်ကြောင်း လေ့လာတွေ့ရှိ




ဦးနှောက်နှင့် ဟိုက်ပိုကမ်းပက်ကလာပ်စည်းများ တည်ရှိရာနေရာပြသရုပ်ပြပုံ။ (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် မတ် ၅**

ကလေးအရွယ်တွင် စိတ်ဖိစီးမှုအကြီးအကျယ်ဖြစ်ပါက ထိုကလေးငယ်၏ မှတ်ဉာဏ်တွင် ဒဏ်ရာတစ်စုံတစ်ခုရထားသကဲ့သို့ အခြေအနေမျိုးနှင့် ကြုံတွေ့နိုင်ကြောင်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိကြသည်။

**ဖွံ့ဖြိုးမှုနည်းပါး**

စိတ်သောကကြီးစွာ ခံစားရသောဝေဒနာ(PTSD)ကို ကလေးတစ်ဦး ခံစားရပါက မှတ်ဉာဏ်ပိုင်းနှင့် ဆိုင်သော ဦးနှောက်ဖွဲ့စည်းမှုအပိုင်းသည် ဖွံ့ဖြိုးမှုနည်းပါးသည်ကို တွေ့ရှိရသည်ဟု အမေရိကန်ပညာရှင်များက ဆိုသည်။

**ရေးသားဖော်ပြ**

ဦးနှောက်၏ ဟိုက်ပိုကမ်းပက်ခေါ်သောအစိတ်အပိုင်းတွင်သွားရောက်ထိခိုက်ပါက ထိုကလေးသည် စိတ်သောကဖိစီးခံရသောအခါ ထိန်းသိမ်းနိုင်မှုစွမ်းအား လျော့ပါးသွားသည်။ သောကကြီးစွာ ဖြစ်ပေါ်တတ်သည်ဟု စိတ်ပညာရှင်ဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

ထိုသို့သော အခြေအနေရှိသည့် ကလေးများ၏သွေးအတွင်း၌ ကော်တီဆောဟုခေါ်သော ဟိုမုန်းဓာတ်များ မြင့်တက်နေသည်ကို တွေ့ရသည်၊ တိရစ္ဆာန်များတွင်လေ့လာရာ ကော်တီဆောဓာတ် မြင့်နေလျှင် ဟိုက်ပိုကမ်းပက်ဆဲလ်များ ပျက်စီးသွားသည်ကို တွေ့ရှိရသည်။

**ဖြစ်ပေါ်နေတတ်**

စိတ်သောကဖြစ်လျှင် ကော်တီဆောဟိုမုန်းဓာတ်များလာလိုက်၊ ဟိုက်ပိုကမ်းပက်ဆဲလ် ပျက်စီးလိုက်၊ စိတ်သောကပိုဖြစ်လိုက်နှင့် သံသရာတဝဲလည်လည် ဖြစ်ပေါ်နေတတ်သည်ဟု ဆိုသည်။

ဤနေရာတွင် စိတ်သောကဖိစီးမှုဟုဆိုရာ၌ ကျောင်းစာမပြီးစီး၍ သောကဖြစ်ခြင်းကဲ့သို့သော သောကဖြစ်မှုများကိုမဆိုလိုပါ။ လိင်ပိုင်းဆိုင်ရာ စော်ကားခံရသော အလွန်ဆိုးရွားသည့် သောကဖိစီးမှုကဲ့သို့သော အခြေအနေမျိုးကို ဆိုလိုခြင်းဖြစ်သည်။

***အင်တာနက်။***

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၆-၃-၂၀၀၇ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဣန္ဒြိယသံဝရတရားတော် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ ချမ်းမြေ့ဆရာတော် |
| ၇း၄၅ | Sunday Talk |
| ၈း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ | မြန်မာလူမျိုးတင့်စေဖို့ မြန်မာစာပေမြှင့်တင်စို့ |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | Music Gallery (ဂူဂူး) |
| ၉း၄၅ | သာခုခေါ်စေမည့်ဒါနပါရမီ |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၀ | အရိပ်ကောင်း၏ အေးမြရှင်သန်ခြင်းအလှ |
| ၁၀း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀ | မျက်စိ အတွင်းတိမ် ရေတိမ်ရောဂါအကြောင်းသိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်) |
| ၁၀း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ | အရုဏ်ဦး၏အလှများ |
| ၁၁း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မောင်မြန်မာ၊မယ်မြန်မာပြိုင်ပွဲ |
| ၁၂း၁၅ | တေးဂီတအစီအစဉ် |
| ၁၂း၂၀ | လူငယ်များ၏စွမ်းပကား အနာဂတ်၏အား |
| ၁၂း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၄၀ | "အင်း"ငွေပန်းထိမ်ရဲ့ အငွေ့အသက် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Champion League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၃၀ | Liverpool-Barcelona | 5-Sports(Live) |
| ၁း၃၀ | Chelsea-Porto | 5-Series(Live) |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၆-၃-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုး ချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ သာယာသီကြွေးခတ်ဆန်းတေး |
| ၇း၅၅ | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၁၀ | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| ၄း၅၅ | ၆။ မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ ပညာခေတ် |
| ၅း၄၀ | ၈။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၃။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း-၁၅)** |
| ၈း၀၀ | ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ မွေးမြူသုတ |
| | ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၁၀)** |
| | ၂၀။ သင့်အတွက်မနက်ဖြန် |
| | ၂၁။ အပိတ်နှုတ်ဆက်စကား |
| | ၂၂။ ပြီးပါပြီ။ |

# အင်တာနက် အားကစားသတင်းများ

## အင်္ဂလန် ဘောလုံးသမိုင်းတွင် ဂျိုင်ယန်ဂစ် မှတ်တိုင်စိုက်ထူမည်

**လန်ဒန် မတ် ၅**

ဂျိုင်ယန်ဂစ်သည် အင်္ဂလန်ဘောလုံးသမိုင်းတွင် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်တော့မည်ဖြစ်ကြောင်း၊ ၎င်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၎င်းအတွက် နဝမမြောက် ပရီမီယာလိဂ်ချန်ပီယံ ဆုဖလားကို ရရှိလိမ့်မည်ဟု ယူဆနေကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျိုင်ယန်ဂစ်၏ မန်ချက်စတာယူနိုက်တက်အသင်းသည် အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရှိနေသော ချယ်လ်ဆီးအသင်းထက် ကိုးမှတ်အသာရရှိထားသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ၂၀၀၃ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ရရှိရန် မဝေးတော့ဟု ဝေလ လက်ရွေးစင်အသင်း၏ နိုင်ငံတကာဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ဂစ်က ပြောကြားသည်။ ၎င်းသည် ၁၉၉၀ပြည့်နှစ်မှစ၍ မန်ချက်စတာယူနိုက်တက်အသင်းတွင် ပါဝင်ကစားလာခဲ့သည်။

အကယ်၍ မန်ချက်စတာယူနိုက်တက် အသင်းသည် အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နေနိုင်မည်ဆိုပါက အင်္ဂလိပ်ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို ကိုးကြိမ်ရရှိသည့် ပထမဆုံးသော ဘောလုံးသမားမှာ ဂျိုင်ယန်ဂစ်ဖြစ်လာမည်ဖြစ်သည်။ ***အင်တာနက်။***

**မန်ချက်စတာယူနိုက်တက်အသင်း၏ ဘယ်တောင်ပံ ဘောလုံးသမား ဂျိုင်ယန်ဂစ်။** *(ဓာတ်ပုံ-အင်တာနက်)*





**ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီ။** *(ဓာတ်ပုံ-အင်တာနက်)*

## အင်္ဂလန်အသင်းနည်းပြ ဖြစ်လာရန် ချယ်လ်ဆီးအသင်းခေါင်းဆောင် မျှော်မှန်း

**လန်ဒန် မတ် ၅**

အင်္ဂလန်လက်ရွေးစင်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် နောင်တစ်နေ့တွင် အင်္ဂလန်အသင်း၏ နည်းပြဖြစ်လာရန် မျှော်မှန်းကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျွန်တယ်ရီသည် ကာလကြာရှည်စွာပင် ဘောလုံးကွင်းအတွင်း ၎င်း၏ ဦးဆောင်မှုစွမ်းပကားကို ပြသနိုင်ခဲ့သူဖြစ်သည်။

အင်္ဂလန်အသင်းတွင် ပါဝင်ကစားသည့် ဘောလုံးသမားမှန်သမျှ ယင်းအသင်း၏ နည်းပြဖြစ်ရန် တောင့်တတတ်ကြကြောင်း၊ အင်္ဂလန်အသင်း၏ နည်းပြအဖြစ် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် ဆုဖလားရယူပေးနိုင်မည်ဆိုပါက အကောင်းဆုံးပင်ဖြစ်လိမ့်မည်ဖြစ်ကြောင်း တယ်ရီက ဒေးလီးစတား သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။ ***အင်တာနက်။***

## ဒူဘိုင်း အိုးပင်းတင်းနစ်ပြိုင်ပွဲ ရော်ဂျာဖက်ဒဲရား ဗိုလ်စွဲ

**ဒူဘိုင်း မတ် ၅**

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)ဒူဘိုင်းတွင် စနေနေ့က ကျင်းပသော ဒူဘိုင်းအိုးပင်း တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲ၌ ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိ တင်းနစ်သမား ရော်ဂျာဖက်ဒဲရားက ရုရှားတင်းနစ်သမား မီခေးလ်ယူဇနီအား ၆-၄၊ ၆-၃ဖြင့် အနိုင်ရရှိပြီး ဆုဖလားရရှိသွားသည်။

**စတုတ္ထအကြိမ်ချန်ပီယံဆုဖလား**

ဖက်ဒဲရားသည် ငါးနှစ်တာကာလအတွင်း ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စတုတ္ထအကြိမ် ချန်ပီယံဆုဖလားရရှိခြင်းဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသား ဖက်ဒဲရားသည် ၎င်းအတွက် ၄၁ပွဲမြောက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဖက်ဒဲရားသည် ပြီးခဲ့သည့်ဩဂုတ်လတွင် အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲမှစ၍ ပွဲတိုင်းအနိုင်ရရှိခဲ့ပြီး ဆွီဒင်လူမျိုး တင်းနစ်သမား ဘီဂျွန်းဘော့ဂ်၏ စံချိန်ကို ပြည့်မီလာပြီဖြစ်သည်။ ***အင်တာနက်။***




**ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲသူ ရော်ဂျာဖက်ဒဲရား(ယာ) နှင့် ရုရှားတင်းနစ်သမား မီခေးလ် ယူဇနီတို့အား ဆုယူအပြီးတွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဩစတြေးလျ ထိပ်တန်းဂိုးသမား အဒမ်ဖရက်ဒရစ် ဖြစ်လာမည်

**လန်ဒန် မတ် ၅**

ရီးဒင်းအသင်း၏ ဂိုးသမား အဒမ်ဖရက်ဒရစ်သည် ဩစတြေးလျနိုင်ငံ၏ နံပါတ်တစ်ဂိုးသမားအဖြစ် မာ့စ်ရှာဝါဇာ၏နေရာကို ဆက်ခံမည်ဖြစ်ကြောင်းယင်းအသင်း၏မန်နေဂျာ စတိဗ်ကော့ပဲလ်က ယနေ့ပြောကြားသည်။ မာ့စ်ရှာဝါဇာသည် မစ်ဒယ်ဘရော့အသင်း၏ ဂိုးသမားဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိဖရက်ဒရစ်သည် လွန်ခဲ့သည့်လက အက်ဖ်အေဖလား ပဉ္စမအကျော့ပွဲတွင် အစွမ်းပြကစားနိုင်ခဲ့သည်။

***အင်တာနက်။***

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ရန်ကုန်တိုင်းအတွင်း သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၅

၁။ ရန်ကုန်တိုင်း မြို့နယ်များအတွင်း ၅-၃-၂၀၀၇နေ့ ကြက်ငှက် သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ

(က) **ငှက်မြေကျသေဆုံးမှု။** တာမွေ၊ သဃ်္ဃန်းကျွန်း၊ ကမာရွတ်၊ ပုဇွန်တောင်၊ လှိုင်၊ ကြည့်မြင်တိုင်၊ မင်္ဂလာဒုံ၊ ပန်းဘဲတန်း၊ ရန်ကင်း၊ ဗိုလ်တထောင်မြို့နယ် ၁၀မြို့နယ်အတွင်း ကျီးကန်း ၁၂ကောင်၊ ခိုခြောက်ကောင်၊ စာကလေးတစ်ကောင် မြေကျသေဆုံးကြောင်း၊

(ခ) **ကြက်၊ဘဲ သေဆုံးမှု။** မြို့နယ်များ ကြက်၊ ဘဲများ ထူးခြားစွာ သေဆုံးမှုမရှိပါကြောင်း၊

(ဂ) **တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းစစ်ဆေးချက်။** ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။ အသေကောင်ခွဲစိတ်စစ်ဆေးချက်အရ သေဆုံးငှက်များ၌ ဦးနှောက်သွေးယိုစိမ့်မှုများတွေ့ရှိရသဖြင့် အခြားရောဂါအကြောင်းရင်း ဆက်လက်စစ်ဆေးလျက်ရှိပါကြောင်း၊

၂။ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကြက်၊ ဘဲ၊ ငုံး မွေးမြူထုတ်လုပ်သူများအနေဖြင့် ကြက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေး၊ ကြက်ခြံအချင်းချင်း ကူးသန်းသွားလာမှုမရှိစေရေး၊ မွေးမြူရေးခြံနှင့် ခြံပတ်ဝန်းကျင် ပိုးသတ်ဆေးဖျန်းခြင်း (Disinfection) များ၊ တိရစ္ဆာန်ကျန်းမာရေးသတိပြုဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

# ဘရူနိုင်းဘုရင့်ဖလား လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို အနိုင်ရရှိ

ရန်ကုန် မတ် ၅

**၂၀၀၇ခုနှစ် တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (**Hassanal Bolkiah Trophy for U-21 ASEAN Youth Football Championship 2007**) ကို ယနေ့ ဒေသစံတော်ချိန် ည ၈နာရီတွင် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘဂါဝမ်မြို့** Kompleks Belapan & Padang **၌ ဆက်လက်ကျင်းပသည်။**

ပြိုင်ပွဲ၏ (ခ)အုပ်စုမှ မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ လူငယ် လက်ရွေးစင်ဘောလုံးအသင်းတို့ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ် လက်ရွေးစင်အသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ် လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းမိနစ် ၃၀တွင် စည်သူသန်းက ပထမဂိုးကို လည်းကောင်း၊ ၃၃မိနစ်တွင် အောင်မျိုးသန့်က ဒုတိယဂိုးကို လည်းကောင်း သွင်းယူကြပြီး ပထမပိုင်း အပြီးတွင် မြန်မာလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း ပြန်လည်ကစားရာ၌ ၁၅မိနစ်တွင် အောင်မျိုးသန့်ကပင် တတိယဂိုးကို လည်းကောင်း၊ ၂၅မိနစ်တွင် ထူးကျော်က စတုတ္ထဂိုးကို လည်းကောင်း၊ ၂၆မိနစ်နှင့် ၂၈မိနစ်တွင် ပြည့်ဖြိုးဦးက ပဥ္စမဂိုးနှင့် ဆဋ္ဌမဂိုးကို လည်းကောင်း၊ ၄၁မိနစ်တွင် ရဲဝေယံစိုးက သတ္တမဂိုးကို လည်းကောင်း သွင်းယူနိုင်ကြသည်။

(ခ)အုပ်စုမှ အိမ်ရှင် ဘရူနိုင်းနိုင်ငံလူငယ်လက်ရွေးစင်ဘောလုံးအသင်းက ဖိလစ်ပိုင်နိုင်ငံ လူငယ်လက်ရွေးစင် ဘောလုံးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မြန်မာလူငယ် အသင်းသည် (ခ)အုပ်စုတွင် နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ခြောက်မှတ် ရရှိထားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့် ရရှိသွားသည်။

မတ် ၇ရက် ဒေသစံတော်ချိန် ည ၈နာရီတွင် (ခ)အုပ်စုမှ တတိယပွဲစဉ်အဖြစ် မြန်မာလူငယ် ဘောလုံးအသင်းနှင့် အိမ်ရှင် ဘရူနိုင်းနိုင်ငံ လူငယ်လက်ရွေးစင်ဘောလုံးအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

### မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ဈေးရောင်းပွဲတော်ကျင်းပမည်

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၉ရက်တွင် ကျင်းပမည်ဖြစ်ပြီး နှစ်ပတ်လည် အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၆ရက်၊ ၇ရက်နှင့် ၈ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ဈေးရောင်းပွဲတော်တွင် အသင်းသူများ၏ ထုတ်ကုန်ပစ္စည်းများကို စုပေါင်းရောင်းချနိုင်မည်ဖြစ်၍ အသင်းသူများ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

### ကံပေါက်ကျေးရွာ၌ စက်ရေတွင်းပြီးစီး

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်ပြီးစီးသည့် ကံပေါက်ကျေးရွာ နှစ်လက်မစက်ရေတွင်း ရေထွက်ရှိမှုနှင့် သုံးစွဲနိုင်မှုအခြေအနေကို မတ် ၄ရက်က အမှုဆောင်အရာရှိ ဦးကျော်ကျော်ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါတွင်းမှ တစ်နာရီလျှင် ရေဂါလန် ၁၁၀၀နှုန်းထွက်ရှိပြီး ကျေးရွာလူထုသန့်ရှင်းသော သောက်သုံးရေကို သုံးစွဲနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

### သစ်လုပ်ငန်းရှင်အသင်းဝင်များ လိပ်စာပေးပို့ရန်နှိုးဆော်

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အသင်းဝင်အဖွဲ့အစည်းနှင့် ကုမ္ပဏီများသည် ရုံးလုပ်ငန်းကိစ္စများဆောင်ရွက်ရာတွင် လျင်မြန်ချောမွေ့စေရေးအတွက် မိမိတို့၏ ယခုလက်ရှိ တည်နေရာလိပ်စာ၊ ဖုန်းနှင့် Fax နံပါတ်များကို မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းတည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower Fax 214840 သို့အမြန်ဆက်သွယ်ပေးပို့ကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## ဓနုတ်စေတီတော် ပုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း ဒလမြို့နယ် သမိုင်းဝင် ဆံတော်ရှင် ဓနုတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၈ ခု တန်ခူးလဆန်း ၁၁ ရက်မှ ၁၅ ရက်ထိ နှန်းဝင်းသဘင်၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အနယ်နယ် အရပ်ရပ်မှ အလှူရှင်များ ကြည်ညိုသဒ္ဓါပွား လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။ (က-ပ)

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၇၁)လမ်း၊ အမှတ်(လ-၄/၁၈)နေ
ဦးကြင်(ကထိက/ဌာနမှူး-ငြိမ်း၊ မန္တလေးဆရာအတတ်သင်သိပ္ပံ)-ဒေါက်တာမြင့်မြင့်စိန်
(ဒု-တိုင်းကျန်းမာရေးဦးစီးဌာနမှူး-ငြိမ်း၊ စစ်ကိုင်းတိုင်း)
တို့၏ သားကြီး

**မောင်ပြည့်ဝ** B.Sc(Physics)(Q)

**[ ဦးစီးအရာရှိ(ပစ္စည်း)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရောဝတီတိုင်း ]**

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးလွန်းမောင်လမ်း၊ အမှတ်(၆၃-ဇ)နေ
ဦးအုန်းဟန်-ဒေါ်ကျင်ငွေးတို့၏သမီးထွေး

**ဒေါက်တာထက်ထက်ဝင်း** M .B., B.S(Ygn)

**တာဝန်ခံဆရာဝန်၊ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)**

တို့သည် ၂-၃-၂၀၀၇ရက်(တပေါင်းလပြည့်နေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ပြည့်ဝ-ဒေါက်တာ ထက်ထက်ဝင်း**

## တွံတေးအရှင်ဣန္ဒက၏ ဓမ္မပွဲစဉ်များ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)(၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်း သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေးအရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတရေ)သည် မတ် ၈ ရက်တွင် ကျုံလမုပေါ်တော်မူဘုရားပွဲ တွံတေးမြို့နယ်၊ မတ် ၉ ရက်တွင် ချောက်မြို့နယ်၊ ၁၀ရက်မှ ၂၃ရက်အထိ စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် သရောင်းကျေးရွာ၊ ၂၄ရက်တွင် ရေလဲလေးရွာ ရွှေရတုဓမ္မသဘင် မအူပင်မြို့နယ်၊ ၂၅ရက် ည ၇နာရီတွင် ၁၆/၃ အပိုင်း သဃ်္ဃန်းကျွန်းတွင်လည်းကောင်း၊ ယင်းနေ့ ည ၈နာရီတွင် (၁၅)ရပ်ကွက် မလွန်ဆန်လှူအသင်းကြီး တောင်ဥက္ကလာပ၊ ၂၆ရက် ည ၇နာရီတွင် မြရတနာမြို့သစ် သဃ်္ဃန်းကျွန်းကြီး မင်္ဂလာဒုံမြို့နယ်တွင် လည်းကောင်း၊ ယင်းနေ့ည ၈နာရီတွင် (၂၂)ကြိမ်မြောက် ဓမ္မသဘင် ပေါက်ကုန်းရပ်ကွက် မင်္ဂလာဒုံမြို့နယ်တွင် လည်းကောင်း၊ ၂၇ရက်နေ့တွင် ဥက္ကာ ၇လမ်း (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ၂၈ရက် ဆည်းဆာ ည ၆နာရီတွင် ဗိုလ်ကံညွှန့် ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်နှင့် ယင်းည ၈နာရီတွင် စံပြ ဖဆပလ ရပ်ကွက်လုံးဆိုင်ရာ မင်္ဂလာတောင်ညွန့်၊ ၂၉ရက်တွင် နွယ်သာကီလမ်း က/ရပ်ကွက် မြောက်ဥက္ကလာပ၊ ၃၀ရက်တွင် စက်မှုဇုန်(၁) ရေတွင်းချောင် တောင်ဒဂုံ၊ ၃၁ရက်တွင် သတိပဋ္ဌာန် လမ်း ကျောက်မြောင်းတို့၌ ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)




**ရန်ကုန်မြို့ လှိုင်မြို့နယ် မြကန်သာအိမ်ရာနေ ဦးကျော်ငွေး၊ ဒေါ်ဝမ်းရီမိသားစုတို့က ဒေါ်ဝမ်းရီ၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

## ထူးခြားသည့် နေ့အပူချိန်များ

၅-၃-၂၀၀၇

| | |
|---|---|
| **ဘားအံ** | ၄၀ ဒီဂရီစင်တီဂရိတ်(၁၀၄ဒီဂရီဖာရင်ဟိုက်) |
| **မင်းဘူး** | ၃၉ ဒီဂရီစင်တီဂရိတ်(၁၀၂ဒီဂရီဖာရင်ဟိုက်) |
| **ရန်ကုန်** | ၃၈ ဒီဂရီစင်တီဂရိတ်(၁၀၀ဒီဂရီဖာရင်ဟိုက်) |

## မော်လမြိုင်မြို့၌ မီးလောင်မှု ဖြစ်ပွား

ရန်ကုန် မတ် ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ကျိုက်မရောလမ်း ဖက်ခင်းရပ်နေ ဦးငွေအောင်၏နေအိမ်၌ မတ် ၄ ရက်ညနေ ၆နာရီခန့်တွင် ဓာတ်ဆီပုံးအတွင်း ဓာတ်ဆီထည့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်လေးလုံး မီးလောင်ကျွမ်းခံရပြီး လူ ၁၁ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန၏ ကြေညာချက်

- မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ရှေးဟောင်းစာပေကို မြတ်နိုးသူများထံတွင် ပေ၊ ပုရပိုက်များရှိနိုင်ပါသည်။ ပေ၊ ပုရပိုက်များကို စနစ်တကျထိန်းသိမ်းခြင်း မပြုလျှင် ကာလတစ်ခုထိသာခံပြီး ဆွေးမြည့်ပျက်စီးသွားပါမည်။ တစ်ဆက်တည်းမှာပင် တန်ဖိုးရှိလှသော အမိနိုင်ငံတော်၏ သမိုင်းအကြောင်းအရာအချို့လည်း ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။
- ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနတွင် ပေ၊ ပုရပိုက်များကို မည်သူ့ထံမှရရှိကြောင်း မှတ်တမ်းတင်၍ ပိုးမွှားများ မဖျက်ဆီးနိုင်ရန် စီစဉ်ထားရှိပါသည်။ ပေ၊ ပုရပိုက်များကို ရာသီဥတုဒဏ်ကြောင့် မပျက်စီးစေရန် စိုထိုင်းဆတိုင်းတာသော ကိရိယာများတပ်ဆင်ထားသည့် အခန်းများဖြင့် ထိန်းသိမ်းနေပါသည်။
- သမိုင်းသုတေသနဦးစီးဌာနရှိ မြန်မာသမိုင်းပညာရှင်ကြီးများကလည်း ထို ပေ၊ ပုရပိုက်များကို ကိုးကား၍ သမိုင်းဆိုင်ရာ စာအုပ်ပေါင်း ၁၀၀ကျော် ရေးသားခဲ့ကြပြီး ဆက်လက်ရေးသား ပြုစုနေဆဲဖြစ်ပါသည်။
- ထို ပေ၊ ပုရပိုက်များကို စစ်ဘက်၊နယ်ဘက် တက္ကသိုလ်များမှ ကျမ်းပြုသင်တန်းသားများ၊ သုတေသီများ၊ စာပေဝါသနာရှင်များက အသုံးပြုနေပါသည်။ ပေ၊ ပုရပိုက်များ အသုံးပြုရာတွင်လည်း မည်သူ့ထံမှရသော ပေ၊ ပုရပိုက်ဖြစ်ကြောင်း၊ မူလပိုင်ရှင်၏အမည်၊ ဘုန်းတော်ကြီးကျောင်း စသည်များကို သမိုင်းကျမ်းများတွင် ဂုဏ်ပြုဖော်ပြပေးပါသည်။

**(၁) အမိနိုင်ငံတော်၏သမိုင်း ပိုမိုကျယ်ဝန်းပြည့်စုံလာစေရေးတွင် အထောက်အကူဖြစ်စေရန်၊**

**(၂) အမိနိုင်ငံတော်၏ သမိုင်းတွင် လိုအပ်သော ကွက်လပ်များ ဖြည့်စွက်နိုင်ရန်၊**

**(၃) အမိနိုင်ငံတော်၏ ရှေးဟောင်းအမွေအနှစ် သမိုင်းမှတ်တမ်းများ ကြာရှည်စွာ ထိန်းသိမ်းနိုင်ရန်**

စသော ရည်မှန်းချက်များဖြင့် သမိုင်းသုတေသနဦးစီးဌာနသည် ရှေးဟောင်း ပေ၊ ပုရပိုက်များကိုအလှူခံ၍ ထိန်းသိမ်းနေပါသည်။ လှူဒါန်းလိုသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

- ကူးယူခွင့်ပြုမည်ဆိုပါကလည်း လာရောက်ကူးယူပါမည်။

**မော်ကွန်းဌာနစိတ်**
**သမိုင်းသုတေသနဦးစီးဌာန**
**အမရဆောင်၊ ရန်ကုန်တက္ကသိုလ်နယ်မြေ**
**ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၂၄၂၀၀၊ ၀၁-၅၃၇၀၅၀**




**မိဘ ဦးချစ်ဆိုင်-ဒေါ်ရွှေမြိုင်တို့အား ရည်စူး၍ ပုဇွန်တောင်မြို့နယ် ရေကျော် စပယ်လမ်းနေ ဦးမောင်မောင်ချစ်-ဒေါ်စမ်းစမ်းထွေး၊ သား မောင်ရဲလင်းဦး၊ သမီး မအိမျိုးမျိုးကျော် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။** (က-ပ)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

# ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးကားလမ်း ကြည့်ရှု

## ဘွက်ကြီးတံတားတည်ဆောက်မှု ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေး မှာကြား

နေပြည်တော် မတ် ၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီး ကားလမ်းတစ်လျှောက် ပျဉ်းမနားခရိုင် ဆောက်လုပ်ရေးက ဆောင်ရွက်လျက်ရှိသည့် လမ်းမျက်နှာပြင် အနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာ လောင်းခြင်းလုပ်ငန်း၊ တစ်ဖက်လျှင် လေးပေအကျယ် ကိုးလက်မထု အမာခံလမ်းပခုံး ကျောက်စီခင်းကြိတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ၃၇မိုင် ခြောက်ဖာလုံရှိ ဝွေးချိုစခန်းသို့ ရောက်ရှိသည်။**

ယင်းနောက် ဝန်ကြီးအား ဝွေးချိုစခန်းရှင်းလင်းဆောင်၌ ပျဉ်းမနားခရိုင် အင်ဂျင်နီယာမှူးနှင့် လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅) အင်ဂျင်နီယာမှူးတို့က မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းအပိုင်းလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ➪



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း **ဖားတစ်ရှဉ်းတံတား တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (ရထား)



# ရထားပို့ဆောင်ရေး ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့် ဖားတစ်ရှဉ်းတံတား တည်ဆောက်မှုလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မတ် ၅

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါ၍ ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း ဆောင်ရွက်မှုနှင့် ဖားတစ်ရှဉ်းတံတားတည်ဆောက်မှုတို့ကိုစစ်ဆေးရန် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ရှိ ဖားတစ်ရှဉ်းတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိသည်။**

ဝန်ကြီးအား ရှင်းလင်းဆောင်၌ ကြံခင်း-သရက်လမ်းပိုင်း စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက ဖားတစ်ရှဉ်းတံတားတည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိမှုလုပ်ငန်းများ၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စုပုံမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တံတားအားသတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်သုံး

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ◆

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

**"ကျွန်မတို့မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပေါ်ထွန်းစေရန် အစိုးရနှင့်ပြည်သူ ကြည်ကြည်ဖြူဖြူ အသွင်တူစွာ ကြိုးပမ်းနေကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ တိုးတက်မှုများကို ခန့်မှန်းစွပ်စွဲပြောကြားနေခြင်းများအား ရပ်တန့်ပြီး ကျွန်မတို့နိုင်ငံကို မျက်မြင်ဒိဋ္ဌ ကြည့်နိုင်၊ မြင်နိုင်၊ အမှန်တရားကို လက်တွေ့ပြောနိုင်ရန် တစ်ခါတစ်ခေါက် လာရောက်လှည့်ရန် ဖိတ်ခေါ်လိုက်ပါသည်"**

ဒေါက်တာချော၏ **"ကမ္ဘာတစ်လွှား အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲမြင်ကွင်းများမှ ဖြစ်ပေါ်လာသောဆန္ဒ"**

(ဆောင်းပါး) စာမျက်နှာ (၈-၉)